


# အောင်းလုလင်

# ဆင်ရတနာသိုက်



## အပိုင်း (၁)

## ( ၁ )

လွမ်းစေတီရှိသည့်တောင်ကုန်းအထက်မှ မျှော်ကြည့်လိုက်လျှင် ရိုးမတောကြီးကိုအပေါ်မှစီးမိုးမြင်နေရပါသည်။ သစ်ပင်သစ်တောများမှာ အရွက်ချင်းထပ်၊ အကိုင်းချင်းယှက်၍ မြေပြင်ကိုမမြင်ရနိုင်အောင် ပိန်းပိတ်နေပေသည်။ တစ်တောလုံးစိမ်းစိုနေပေရာ အစိမ်းရောင်ကမ္ဗလာကြီး ဖြန့်ချထားသလို ကြည့်လေရာရာ စိမ်းညို့မှိုင်းမှုံနေပေ၏ ။

မမြစိမ်းသည် ထိုရှုခင်းကိုပင် မငြီးငွေ့နိုင်၊ မရိုးနိုင်ပဲ လွမ်းစေတီတောင်ကုန်းပေါ်သို့ လာကြည့်နေမိရပြန်ပါပြီ။ လွမ်းစေတီရှိရာတောင်ကုန်း ကား မမြစိမ်းတို့ရွာမှ တစ်ခေါ်သာသာလောက်ဝေးသည့်အတွက် လူသူ ပြတ်လတ်သည့်နေရာတစ်ခုဖြစ်ပေသည်။ မမြစိမ်းလို အပျိုအရွယ်လေး တစ်ယောက်တည်း လာသင့်သောနေရာမဟုတ်ပါ။

လွမ်းစေတီတဝိုက်တွင် စေတီမှဆွဲလွဲသံများ၊ ကျေးငှက်သာရကာ တို့၏ အော်မြည်သံများဖြင့်သာ ညံညံစီလျှက်ရှိပေ၏ ။

မမြစိမ်း၏ အကြည့်သည် ဟိုးဝေးဝေးဆီမှ ရိုးမတောင်တန်းကြီး ဆီသို့ရောက်လျှက်ရှိသည်။ ရိုးမတောင်တန်းကြီးနှင့် မြစိမ်းရှိနေရာ လွမ်း စေတီတောင်ကုန်းကြားမှ အပြန့်အပြောကျယ်လှသောတောအုပ်ကြီးကို အပေါ်မှစီးမိုးကြည့်ကာ… မမြစိမ်းမျက်စိထဲဝယ် အဖြစ်အပျက်များကို မြင်ယောင်လျှက်ရှိပါ၏ ။

မမြစိမ်းအနေဖြင့်… သစ်တောအုပ်အောက်ခြေမှ မြေမျက်နှာပြင် အနေအထားများ၊ အရာဝတ္ထုများကို သာမန်မျက်စိဖြင့်မမြင်နိုင်သော်လည်း မမြစိမ်း၏ စိတ်အာရုံတွင်မူ ထိုတောအုပ်ထဲမှ အဖြစ်အပျက်များကို မြင် ယောင်နေမိပါသည်။

စိမ်းညို့သောတောအုပ်ကြီးအောက်ခြေမှ စမ်းချောင်းများ၊ လှိုဏ်မြောင်းများ၊ ကမူများ၊ လိုဏ်ခေါင်းများ၊ ရေတံခွန်များ၊ ချောက်ကမ္ဘားများ၊ သားရဲတိရစ္ဆာန်များကို မမြစိမ်းအာရုံဝယ် ထင်ယောင်မြင်ယောင်လျှက်ရှိ လေသည်။

မမြစိမ်း၏ စိတ်အာရုံ၌ ထင်ရှားစွာမြင်နေရသောအရာမှာ... ဆင်သုံးကောင်ဖြစ်ပေသည်။ တစ်ကောင်မှာအထီးဖြစ်၍ တစ်ကောင်မှာအမ ဖြစ်သည်။ တစ်ကောင်မှာ ထိုဆင်ထီးနှင့်ဆင်မမောင်နှံတို့၏ သားကလေး ဖြစ်သော ဆင်ထီးကလေးဖြစ်ပေသည်။

ဆင်ထီးနှင့်ဆင်မမောင်နှံတို့သည် သားဆင်ထီးကလေးနှင့်အတူ တောထဲတွင် ဘာသာဘာဝ သွားလာလှုပ်ရှားကျက်စားနေကြခြင်း ဖြစ် ပေသည်။

ဆင်အထီးမှာ စွယ်စုံဆင်ကြီးဖြစ်ပြီး တောင့်တင်းသန်မာလှပေ သည်။ ဆင်ထီးနှင့်ဆင်မမှာ အညိုရောင်အဆင်းရှိသော ဆင်များဖြစ်ကြ သော်လည်း... ၎င်းတို့သား ဆင်ထီးလေးမှာမူ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ နေသော ဆင်ဖြူတော်ကလေးဖြစ်ပေ၏ ။

စွယ်စုံဆင်ကြီးက ရှေ့မှဦးဆောင်သွားနေကာ ဆင်ဖြူတော်လေး ကိုအလည်မှထားပြီး ဆင်မကြီးသည် နောက်ဆုံးမှ တလှုပ်လှုပ်ဖြင့် လိုက်ပါ လျှက်ရှိပေသည်။

ထိုမြင်ကွင်းကား... မမြစိမ်း၏ အာရုံထဲ၌ အမြဲတစေမြင်ယောင် မိသောမြင်ကွင်းတစ်ခုဖြစ်ပါသည်။

မမြစိမ်း၏ အာရုံထဲဝယ်.... ရေတံခွန်ဘေးတွင် ဆင်ထီးကြီးနှင့် ဆင်မကြီးက ရေတံခွန်အောက်မှရေများကို နှာမောင်းဖြင့်စုပ်ယူပြီး ဆင်ဖြူ တော်လေးကိုပက်ဖြန်းပေးနေပုံကိုလည်း မြင်ယောင်လာရပြန်သေးသည်။

ထို့နောက်.... ဆင်ထီးကြီးက ဆင်မကြီးနှင့် ဆင်ဖြူတော်လေး အတွက် ကြံများချိုးယူလာကာ တယုတယကျွေးမွေးနေပုံများ...

ဆင်ထီးကြီးကဦးဆောင်၍ ဆင်မကြီးနှင့်ဆင်ဖြူတော်လေးတို့ ရေတိမ်သောစမ်းချောင်းကလေးတလျှောက် လျှောက်သွားနေပုံများ...

တောထဲတွင် ဘာသာဘာဝ ဆော့ကစားမြူးတူးနေပုံများ...

...စသည်ဖြင့် မြင်ကွင်းများကို တစ်ခုပြီးတစ်ခု မြင်ယောင်လာပြန်လေ၏ ။

သူမ မြင်ယောင်မိသောမြင်ကွင်းများကား တစ်ချိန်သောအခါ က အမှန်တကယ်ဖြစ်ခဲ့သောဖြစ်ရပ်များဟု မမြစိမ်းက ယုံကြည်နေပေ သည်။

*

တစ်ကြိမ်တွင်မူ မမြစိမ်းသည် အသည်းထိတ်စရာမြင်ကွင်း တစ်ခုကို မြင်ယောင်ရပြန်လေ၏ ။

ကိုးတောင်ကျားကြီးတစ်ကောင်သည် ဆင်မိသားစုကိုကြည့်၍ မာန်ဖီလျှက်ရှိလေသည်။ ဆင်ထီးကြီးက ဆင်မကြီးနှင့်ဆင်ဖြူတော်လေး ရှေ့တွင် ကွယ်၍ ရပ်လိုက်ကာ ဆင်သားအမိကိုလုံခြုံသောနေရာတွင် ပုန်း အောင်းနေရန် တိရစ္ဆာန်တို့၏ ဘာသာစကားဖြင့် ပြောဆိုအမူအရာပြ လိုက်လေသည်။

ဆင်မသည် ဆင်ကလေးနှင့်အတူ လှိုဏ်ကြီးတစ်ခုကြားတွင် ဝင်၍ ရပ်နေလိုက်သည်။

ကိုးတောင်ကျားကြီးနှင့်စွယ်စုံဆင်ကြီးတို့၏ တိုက်ပွဲကား စတင် ပေပြီ။

ကိုးတောင်ကျားသည် ဆင်ကြီး၏ ဘေးပတ်ပတ်လည်ကို လှည့် ပတ်ကာ မာန်ဖီရင်း ချက်ကောင်းကိုချောင်းလျှက်ရှိ၏ ။ စွယ်စုံဆင်ကြီးက လည်း

ကျားကြီးလှည့်ပတ်နေသည့်အတိုင်း သူ့ကိုယ်လုံးကြီးကို ပတ်ချာ လည်ကာ ခုခံရန်အသင့်ပြင်ဆင်လျှက်ရှိ၏ ။ ဆင်ကြီးသည် သူ၏ အိမ်သူ ဆင်မကြီးနှင့် သားကလေးရှိရာ လျှိုဖက်သို့ အလစ်မပေးပဲ ကာကွယ် ထားပေ၏ ။

ကျားသည် ဘယ်ဖက်သို့ပြေးရန်ဟန်ပြပြီးမှ ညာဖက်မှပတ်ဝင် ကာ တစ်ချက်ကျယ်လောင်စွာဟိန်းလိုက်ရင်း ဆင်ကြီး၏ ညာဖက်ရှေ့ခြေ ထောက်အောက်ဖက်ကို ခဲလိုက်လေသည်။

ဆင်ကြီးက ခေါင်းကိုငဲ့ကာ အစွယ်ဖြင့်ပင့်ကော်လိုက်လေရာ ကျား၏ နံဘေးကို အစွယ်ဖြင့် ထိုးမိပြီး ကျားသည်ကြောက်လန့်တကြားဖြင့် ကိုက်ခဲထားရာမှလွှတ်ကာ ဘေးဖက်သို့ပြေးသွားလေ၏ ။

ကျားသည် ခပ်လှမ်းလှမ်းရောက်မှ တစ်ဖန်ပြန်လှည့်လာကာ အကွက်ကောင်းကိုချောင်းနေပြန်၏ ။

ထို့နောက်.... တောင်ကုန်းလေးပေါ်သို့ပြေးတက်သွားကာ ဆင် ကြီးအပေါ်သို့ ခုန်အုပ်လိုက်ပြန်၏ ။

ဆင်ကြီးက လျှင်မြန်စွာဝပ်ချလိုက်ကာ ခုန်အုပ်လိုက်သော ကျားကို အစွယ်နှစ်ဖက်ဖြင့် ပင့်ကော်လိုက်လေသည်။

ကျားသည် စွယ်စုံဆင်ကြီး၏ အစွယ်ဖွေးဖွေးထက်၌ ယက်ကန် ယက်ကန်ဖြင့် သွေးသံရဲရဲဖြစ်လျှက်ရှိသည်။ ဆင်ကြီးက ဦးခေါင်းကိုဘယ် ညာရမ်းခါပစ်လိုက်သည့်အခါတွင်ကား ကျားသည်ဆင်စွယ်ထက်မှပြုတ်ကျ ကာ ရင်နှစ်ချမ်းကွဲလျှက် အသည်းအူများ မြေပြင်ထက်ပြန့်ကျဲသွားလေ တော့သည်။ ကျားသည် တစ်ချက်နှစ်ချက်သာ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး အသက်ပျောက်သွားလေတော့သည်။

စွယ်စုံဆင်ကြီးသည် ထိုအတိုင်းပင် အန္တရာယ်ရန်စွယ်အမျိုးမျိုး မှ ကာကွယ်ပေးခဲ့ပါသည်။

သည်အဖြစ်တွေကို မမြစိမ်းအာရုံထဲဝယ် ထင်ရှားစွာမြင်လျှက်ရှိ သည်။

သည်လို... ဆင်သားအမိအပေါ် ကြင်နာယုယဖေးမမှုတွေ ရှိခဲ့သော စွယ်စုံဆင်ကြီးသည်....တစ်နေ့သောအခါတွင် ဆင်မကြီးနှင့် ဆင်ဖြူကလေးကို ထားရစ်ခဲ့သော မဖြစ်မနေစွန့်ခွာထွက်သွားရလေသည်။

စွယ်စုံဆင်ကြီးစွန့်ခွာသွားရသည်ကား သတ္တဝါတို့မလွန်ဆန် နိုင်သော သေခြင်းတရားကိုရင်ဆိုင်ရန် ထွက်ခွာသွားရခြင်းပင်ဖြစ်ပါ တော့သည်။

ဆင်ကြီးသည် ကိုးတောင်ကျားနှင့်ရင်ဆိုင်တိုက်ပွဲဝင်ခဲ့စဉ်က ကျား၏ ကိုက်ခဲမှုကြောင့် ရှေ့ခြေထောက်နှင့်ဝမ်းဗိုက်အောက်တွင် ဒဏ်ရာ ရခဲ့သည်။ ကျားကိုက်သောဒဏ်ရာကြီးဖြင့် နှစ်ရှည်လများနေထိုင်ခဲ့ရ ပါသည်။

ကြာသော် ... ဒဏ်ရာကြောင့် ဆင်ကြီးမှာ လမ်းလျှောက်ရာ၌ ထော့နင်းထော့နင်းဖြင့် လျှောက်လှမ်းနေရလေတော့သည်။

အသက်ကလည်းကြီးလာ ဒဏ်ရာကလည်း ပြင်းထန်လာသော အချိန်တွင်ကား ဆင်ကြီးသည် သူ့အတွက် သေဖို့အချိန်နီးကပ်လာပြီ ကို သိလာရလေတော့သည်။

*

''ရှင်မရေ- ကျုပ်တော့ သေရမယ့်အချိန်နီးလာပြီကွဲ့၊ ကျုပ် မကြာခင်သေရတော့မယ်''

''အို- မောင်ကြီး၊ ဖြစ်မှဖြစ်ရလေမောင်ကြီးရယ်''

''ကျုပ် အချိန်မီ ဆင်သချႋုင်းကိုသွားရတော့မယ် ရှင်မရယ်၊

သားကလေးကိုစောင့်ရှောက်ပြီးသာ နေရစ်ပေတော့ကွယ်''

ဆင်မကြီးက မျက်ရည်ဝေသောမျက်လုံးများဖြင့် ငေးကြည့်နေလေသည်။

သူတို့ဆင်သတ္တဝါများသည် သေလွန်သည့်အခါ ဆင်သချႋုင်း အထိ ရောက်အောင်သွား၍ ဆင်သချႋုင်းထဲတွင် အသက်ကိုစွန့်လွှတ်ရ ပါသည်။

သူ့ကိုယ်သူသေမည်ကိုသိနေသောဆင်ကြီးကား ဆင်သချႋုင်း သို့သွားရောက်ရန်ဆုံးဖြတ်ပြီး ဆင်မကြီးကိုဖွင့်ပြောလိုက်ခြင်းဖြစ်ပါ၏ ။

ဆင်မကြီးအနေဖြင့်လည်း သေခါနီး သည့်ဆင်တစ်ကောင် အတွက် ဆင်သချႋုင်းသို့ မလွဲမသွေသွားရောက်ရမည်သာဖြစ်သည်မို့ မည်သို့မျှတားဆီးဖို့မဖြစ်နိုင်ပါပေ။ တားဆီးနိုင်ကောင်းသောအရာလည်း မဟုတ် ပေ။ ဆင်မကြီးအနေဖြင့် မိဘဘိုးဘွားဆင်များလည်း သေလွန်ချိန်နီး သည့်အခါတိုင်း ဆင်သချႋုင်းသို့ နှုတ်ဆက်ထွက်ခွာသွားကြသည်ကို အကြိမ်ကြိမ်ကြုံခဲ့ဖူးပြီးဖြစ်ပါသည်။

ဆင်မကြီးသည် ဝမ်းနည်းမှုဖြင့်သာ ဆင်ကြီးကို ငေးငိုင်ကြည့်နေမိပေတော့သည်။

''သားကလေးကိုသာ စောင့်ရှောက်ပြီးနေရစ်ပါတော့ ရှင်မရယ်၊ သားကလေးကို ကြံ့ခိုင်သန်စွမ်းတဲ့ ဆင်ခေါင်းဆောင်တစ်ကောင်ဖြစ်လာ အောင် ပြုစုပျိုးထောင်ပေးပါတော့ကွယ်''

''စိတ်ချပါမောင်ကြီးရယ်''

''သားကလေးဟာ တို့များရဲ့ဆင်မျိုးနွယ်ထဲမှာ ထူးခြားတဲ့ ဆင်ကလေးတစ်ကောင်ဖြစ်ပေတယ်၊ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေတဲ့ ဆင်ဖြူကလေးမို့ လူသားများကပင် အထွဋ်အမြတ်ထားရတဲ့ ဆင်မျိုးတစ်

ကောင်ဖြစ်ပေတယ်ရှင်မ''

''မှန်ပါတယ်မောင်ကြီး''

''လူသားတို့ဖမ်းဆီးမှုအန္တရာယ်ကလွတ်ကင်းအောင် ဘယ်လို ရှောင်တိမ်းရမယ်ဆိုတာ သင်ပြပေးပေတော့ရှင်မရေ၊ ကျုပ်တော့ ဒီကနေ့ ညသန်းကောင်တိုင်တာနဲ့ ဆင်သချႋင်းကိုထွက်ခွာတော့မယ် ရှင်မ''

''အို ... မောင်ကြီး ၊ ကျေးဇူးရှင်ကြီးရယ်၊ တကယ်ခွဲသွားတော့ မယ်ပေါ့နော်၊ နှမ ဝမ်းနည်းလှပါဘိတော့ ရှင် ... ''

''ဝမ်းမနည်းပါနဲ့နှမရယ် သတ္တဝါတိုင်းဟာ တစ်နေ့ သေလမ်း ကိုသွားရတာ ချည်းပါပဲ၊ သားကလေးသိရင် ငယ်ရွယ်သူမို့ ကြေကွဲမှာ ကိုတော့ စိုးမိပါတယ်ရှင်မရယ်၊ သည်တော့ သားကလေးကိုတော့ သူ့ ဖခင်ကျုပ် ဆင်သချႋင်းကိုသွားသေတော့မယ်ဆိုတာ ပြောမထားပါနဲ့ရှင်မ ရယ်၊ ညသန်းကောင်ရောက်ရင် ကျုပ်ထွက်ခွာသွားပါမယ်၊ နောင်များ မှသာ သားကလေးနားလည်အောင် ရှင်းပြရစ်ပေတော့ရှင်မ''

*

ထိုညကား လပြည့်ညတစ်ညဖြစ်ပေသည်။

လမင်းကြီး၏ အလင်းရောင်က တစ်တောလုံးကိုဖုံးလွှမ်းထားပေ ၏ ။

ဆင်ကြီးကား ဆင်သချႋင်းရှိရာသို့ တရွေ့ရွေ့လျှောက်လှမ်း သွားလျှက်ရှိပေသည်။ ဆင်မကြီးသည်လည်း ဆင်ကြီးနောက်မှ တအိ အိဖြင့်လိုက်ပါလျှက်ရှိသည်။

ဆင်ကြီးက နေရစ်ခဲ့ရန်ပြောသော်လည်း ဆင်မကြီးကား ချစ် လင်၏ နောက်ဆုံးခရီးကိုလိုက်ပို့ရင်း ချစ်လင်ကို နောက်ဆုံးကြည့်ခြင်း ဖြင့်နှုတ်ဆက်ရန် လိုက်ပါလာခဲ့ခြင်းပင်ဖြစ်ပါသည်။

တရွေ့ရွေ့ဖြင့်လျှောက်လှမ်းလာခဲ့ရာ ရေစီးကျသံများကိုကြား ရပြီး မကြာမီပင် ရေတံခွန်ကြီးတစ်ခုဘေးသို့ရောက်ရှိသွားလေသည်။ စွယ်စုံဆင်ကြီးက ဆင်မကြီးကိုလှည့်ကြည့်ကာ ပြောလိုက်လေ ၏ ။

''နေရစ်ခဲ့ပေတော့ရှင်မ''

စကားဆုံးသည်နှင့် ဆင်ကြီးက ရေတံခွန်ဘေးမှပတ်ကာ ရေတံခွန်အောက်သို့ဝင်သွားလေသည်။

ရေတံခွန်မှ အရှိန်ပြင်းစွာတဝေါဝေါစီးကျနေသောရေများက လရောင်တွင် ငွေရောင်လင်းလက်နေပေ၏ ။

ရေတံခွန်အောက်အရောက်တွင် ဆင်ကြီးသည် ဆင်မကြီးရှိရာ သို့လည်ပြန်လှည့်ကြည့်ကာ နှာမောင်းကိုမြှောက်၍ ''ဝူး ... ''ကနဲ သံရှည်ဆွဲကာ အော်လိုက်လေ၏ ။

ချစ်ဇနီးအား နောက်ဆုံးနှုတ်ဆက်လိုက်ခြင်းပင်ဖြစ်ပါတော့ သည်။

ထို့နောက် ဆင်ကြီးသည် ရေတံခွန်မှစီးကျနေသောရေထုထဲ သို့ဖြတ်သန်းကာ ရေတံခွန်နောက်ရှိ တောင်အခေါင်းထဲသို့ ဝင်သွားလေ တော့သည်။

ဆင်ကြီးကို နောက်ဆုံးမြင်လိုက်ရခြင်းပင်ဖြစ်ပါတော့သည်။

ရေတံခွန်မှ အရှိန်ပြင်းစွာစီးကျနေသောရေထုကြီးက ကွယ်နေ သဖြင့် ထိုရေထုနောက်တွင် လိုဏ်ခေါင်းဖြစ်နေသည်ကို မည်သည့် သတ္တဝါမျှမသိကြပါ။ ဆင်များသာလျှင်သိကြပါသည်။

ရေတံခွန်နောက်မှ လိုဏ်ခေါင်းကြီးကား ဆင်သချႋင်းရှိရာ

သို့သွားရောက်သော လမ်းမကြီးပင်ဖြစ်ပါတော့သတည်း။ တစ်တောလုံး တစ်တောင်လုံးရှိ ဆင်များအားလုံး ကွယ်လွန်သေဆုံးမည့်အချိန်တွင် မပျက်မကွက်လာရောက်ရသော ဆင်သချႋင်းပင်ဖြစ်ပါလေသည်။

တစ်နည်းအားဖြင့် ... ဆင်သတ္တဝါများသာလျှင်သိသော လျှို့ဝှက် အပ်သည့် နေရာတစ်ခုပင်ဖြစ်ပါတော့၏ ။

ဆင်မကြီးသည် ရေထုနောက်တွင်ပျောက်ကွယ်သွားသောဆင် ကြီးကိုကြည့်ရင်း ကြေကြေကွဲကွဲအော်လိုက်လေတော့သည်။

ဆင်မကြီးအော်ဟစ်လိုက်သောအသံက တစ်တောတစ်တောင် လုံးသို့ ဟိန်းသွားလေ၏ ။ တစ်နည်းအားဖြင့်.....ဆင်မကြီး၏ ငိုရှိုက်သံ ပင်ဖြစ်ပါတော့သည်။

မမြစိမ်းသည် ထိုမြင်ကွင်းကို မြင်ယောက်မိသည့်အခါတိုင်း..... ရင်မှာ ဆွတ်ကြင်လွမ်းမောစွာ ခံစားရမြဲဖြစ်ပေသည်။

ဆင်သချႋင်းရှိရာသို့ ဝင်ရောက်သွားသောဆင်ကြီးကိုမြင်ယောင် ကာ ကြေကွဲစွာခံစားရသည်။

မမြစိမ်းသည် သူမြင်ယောင်လာသောဆင်များနှင့်ပတ်သက် သည့် မြင်ကွင်းများကို...ဆင်မကြီးနေရာမှ ဝင်၍ ခံစားနေမိခြင်းဖြစ်ပါ တော့သည်။

ယခုလည်း ဆင်ကြီး ဆင်သချႋင်းသို့ဝင်ရောက်သွားသော မြင်ကွင်းကိုမြင်ယောင်လာကာ မမြစိမ်းမျက်ဝန်းမှ မျက်ရည်များ ရစ်ဝဲ လာလေတော့သည်။

''သမီးရေ ... မြစိမ်း၊ အလို... ထင်တဲ့အတိုင်းပဲ ဒီကို ရောက်နေတာကိုး''

နောက်မှအသံကြားသောကြောင့် မမြစိမ်းက လှည့်ကြည့်လိုက် သည်။

*

( ၂ )

ဆင်သချူင်းထဲသို့ ဆင်ကြီးဝင်ရောက်သွားသောအပိုင်းကို မြင်ယောင်လာသော မမြစိမ်းရင်၌ တစစ်စစ်နာကျင်လာလေသည်။ မျက်ရည်များဝဲလာလေသည်။

ထိုစဉ်မှာပင် နောက်မှခေါ်သံကိုကြားလိုက်ရခြင်းဖြစ်သည်။

''သမီးရေ ... မြစိမ်း၊ အလို... ထင်တဲ့အတိုင်းပဲ ဒီကို ရောက်နေတာကိုး''

မမြစိမ်း လှည့်ကြည့်လိုက်ရာတွင် မိခင်ဖြစ်သူဒေါ်အေးကြည် ကို တွေ့လိုက်ရလေ၏ ။

''မြစမ်းရယ်....မပြောမဆိုနဲ့ ထွက်သွားလိုက်တာ၊ အမေ့ ဖြင့် စိတ်ပူရပါပေ့၊ အို.... သမီးမျက်လုံးမှာလည်း မျက်ရည်တွေ ဝဲလို့ ပါလား၊ ဘာဖြစ်လို့လဲသမီး''

''ဘာမှမဖြစ်ပါဘူးအမေရယ်၊ ကျွန်မမျက်လုံးထဲ ဖုံဝင်လို့ပါ''

ဒေါ်အေးကြည်က သက်ပြင်းချလိုက်သည်။ ဒေါ်အေးကြည်သိပါ သည်။ မမြစိမ်းသည် တောထဲကိုကြည့်ကာ တွေးမိတွေးရာတွေးရင်း လွမ်းမောနေခြင်းဖြစ်သည်။ မမြစိမ်းရဲ့အကျင့်စရိုက်ကို ဒေါ်အေးကြည်က သိပြီးဖြစ်ပါသည်။

သို့သော်... မိန်းမပျိုလေးတစ်ယောက်တည်း ရှာနဲ့ဝေးရာကိုထွက်,ထွက်သွားတာ ဒေါ်အေးကြည်စိုးရိမ်လှသည်။

ပြီးတော့... ဒေါ်အေးကြည်မှာ အစွဲအလမ်းတစ်ခုရှိသည်၊ သမီး မမြစိမ်း တောထဲကိုထွက်သွားမှာစိုးရိမ်ခြင်းဖြစ်သည်။ တောထဲက လာတဲ့သမီး

တောထဲကိုသူ့သဘောနဲ့သူပြန်သွားမှာကို ဒေါ်အေးကြည် အစဉ်စိုးရိမ်နေမိသည်။ ဒါကြောင့်လည်း ... မမြစိမ်းကို မျက်ခြေမပျက် ကြည့်နေရ၏။ ကြည့်နေတဲ့ကြားမှ မမြစိမ်း တစ်ချက်တစ်ချက် ပျောက် ပျောက်သွားတတ်သည်။ ဒေါ်အေးကြည်ကလည်း ဆိုင်မှာ အရောင်းအ ဝယ်ကိစ္စများနှင့် အလုပ်များသည်မို့ မမြစိမ်းကို အမြဲသတိပြုမနေနိုင် တာလည်းပါသည်။

ဒေါ်အေးကြည်စိုးရိမ်နေသော်လည်း မမြစိမ်းက တောထဲ ထွက်သွားလောက်အောင်တော့ မမိုက်မဲပါ။ အလွန်ဆုံး... ရွာမနီးမဝေးက လွမ်းစေတီရှိရာတောင်ပေါ်သို့သွားပြီး တောထဲကို ငေးစိုက်ကြည့်နေ တတ်ရုံသာဖြစ်သည်။

ဘာပဲဖြစ်ဖြစ်.... ဒေါ်အေးကြည်ရဲ့ စိုးမိုးစိတ်ကလျော့မသွား။ တစ်နေ့မှာ တောစိတ်ပေါက်ပြီး တောထဲပြန်သွားမှာကို စိုးရိမ်နေမိတာ အမှန်ပင်။

တကယ်တော့... မမြစိမ်းသည် တောထဲကလာသော တောပျော် တစ်ဦးပင်မဟုတ်ပါလား။

''လာနော်... သမီး၊ ပြန်ကြစို့၊ မှောင်လာရင် မကောင်းဘူးကွယ်။ နောင်လည်း မပြောမဆိုထွက်ထွက်မသွားပါနဲ့သမီးရယ်၊ အမေစိတ်ပူလွန်း လို့ပါ''

''ကျွန်မ ဒီလွမ်းစေတီအထိပဲလာတာပါအမေရယ်၊ တောင်ခြေ မှာ ရွာသူရွာသားတွေလည်း သွားလာနေကြတာပဲ၊ ဘာစိတ်ပူစရာရှိသတုံး၊ ကျွန်မအတွက်စိတ်မပူပါနဲ့အမေ''

''မိဘဆိုတော့ ပူပန်ရတာ ပဲအေ၊ နောက် ဒီကိုလာချင်ရင် အမေ့ပြော၊ အမေရင်လည်း လိုက်ပို့မယ်၊ အဖော်ရင်လည်း ထည့်ပေးမယ်၊ နော်- သမီး''

''ဟုတ်ကဲ့ပါအမေ''

ဒေါ်လုံးကြည်က ချော့ချော့မော့မော့ပြောရင်း သမီးလေးကို အိမ်ပြန်

ခေါ်လာခဲ့လေသည်။

*

## ( ၃ )

ညပိုင်းတွင် ဒေါ်လုံးကြည်က သူမ၏ စိုးရိမ်စိတ်များကို ခင်ပွန်း ဖြစ်သူ ဦးသာကျော်အား တိုးတိုးတိတ်တိတ် ပြောပြလိုက်သည်။

''သမီးကလေး ဆင်စိတ်ပေါက်ပြီး တောထဲပြန်သွားမှာ စိုးရိမ်မိ သတော်''

'ကြံကြံဖန်ဖန်အေးကြည်ရယ်.....ဘယ့်နှယ်.....ဆင်စိတ်ပေါက် ရမှာတုံး၊ တို့သမီးဟာ အလိမ္မာလေးဆိုတာ မင်းသိသားနဲ့ကွယ်၊ စိုးရိမ်ရန်ကော''

''တောစပ်သွားသွားနေတာ သွေးရိုးသားရိုးဟုတ်မလားတော်၊ ဆင်ဘဝကလာတဲ့သူဆိုတော့ ဆင်စိတ်ပေါက်မှာစိုးရိမ်ရတာ ပေ့ါ၊ မြစိမ်း ဟာ ဆင်မလေးတစ်ပိုင်းဆိုတာ တော်လည်းသိသားပဲ''

''ဒါတွေက အရင်ဘဝကပါ အေးကြည်ရယ်၊ အခု လူဖြစ်လို့ ငါတို့သမီးလေးပဲဖြစ်နေပြီပဲ၊ ဆင်စိတ်ပြန်ဝင်မယ်ဆိုတာတော့ မဖြစ်နိုင် ပါဘူး၊ အေးလေ... မင်းက မအေဆိုတော့လည်း ကြံဖန်စိုးရိမ်တာ ငါ အပြစ်မပြောပါဘူး''

လင်မယားနှစ်ယောက်သား သမီးအကြောင်းပြောဆိုရင်း အတိတ်အကြောင်းများဆီစိတ်ရောက်သွားကြသည်။

မမြစိမ်းဟာ တကယ်ပဲ ဆင်ဝင်စားသူလား။

သမီးလေးမြစိမ်းနှင့် ဆင်ဆိုသောသတ္တဝါပတ်သက်မှုရှိနေတာ တော့

အမှန်ပင်။

မမြစိမ်းကိုမမွေးခင်က ကိုသာကျော်နှင့်မအေးကြည်တို့ လင် မယားမှာ အတော်ပင်ဆင်းရဲကြလေသည်။ ဆင်းရဲသမှ ကျောက်အိုင်ရွာ တစ်ရွာလုံးတွင် အဆင်းရဲဆုံးလင်မယားပင်ဖြစ်သည်။

လယ်ပိုင်ယာပိုင်အခင်းပိုင်မရှိ၍ တောထဲဝင်ကာ ထင်းခွေ၍ ရောင်းစားရပါသည်။

တောအရပ်ဆိုတော့ ထင်းခွေပြီး ရောင်းစရာနေရာက မရှိ။ သူသူကိုယ်ကိုယ် ယာထဲကိုင်းထဲသွားရင်း လမ်းမှာတွေ့ရာ သစ်ကိုင်းသစ် ခက်သစ်ခြောက်များကို ကောက်ယူလာရုံနှင့် ကိုယ့်အိမ်အတွက်တော့ ထင်းလုံလောက်နေသည်။ ကိုသာကျော်နှင့်မအေးကြည်တို့ ခွေလို့ရသော ထင်းကို ရွာမှာရောင်းစားလို့မရပါ။

ထိုအခါ....ကိုသာကျော်သည် ငါးမိုင်ခန့်ဝေးသည့် ဒညင်းဆိပ် ဆိုသည့်ရွာကြီးကို ထင်းတွေသွားရောင်းရသည်။ ဒညင်းဆိပ်မှာက မီးသွေးဖိုရှိသည့်အတွက် ထင်းရောင်းလို့ရပါသည်။ ဒါလည်း မီးသွေး လုပ်လို့ကောင်းသည့် ထင်းတုံးကြီးကြီးကိုမှဝယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုသာကျော်တို့လင်မယားမှာ ထင်းတုံးကြီးကြီးရအောင် သစ်ပင်ကြီးကြီး တွေကိုခုတ်လှဲပြီးမှ ထင်းခွေရလေသည်။

တောထဲကနေ ရွာအထိ ထင်းတုံးကြီးတွေကို လင်မယားနှစ် ယောက် ထမ်းယူရွက်ယူလာရသည်။ ရွာရောက်တော့ မပြီးသေး။ ကိုသာ ကျော်က ထိုထင်းတုံးကြီးများကိုထမ်းကာ ဒညင်းဆိပ်ရွာအရောက် သွားပို့ရသေးသည်။ သည်လို ပင်ပင်ပန်းပန်းလုပ်ပေမယ့် ဝမ်းဝရုံသာ ရှိပေသည်။

အိမ်ထောင်ကျပြီး လေးငါးနှစ်ကြာသည်အထိ ကလေးမရသေး တာပဲတော်သေးတယ်လို့ပြောရတော့မည်။ ကလေးရှိလာပါက ကလေး

ပါးစပ်ပေါက်အတွက်ပါ ပူပန်ရဦးမည်။

သို့သော်.... ကိုသာကျော်ရော မအေးကြည်ပါ ကလေးလိုချင်ခဲ့ကြပါသည်။ ဘယ်လောက်ဆင်းရဲဆင်းရဲ အိမ်ထောင်သည်ဖြစ်မှတော့ သားသမီးရတနာကိုမျှော်လင့်မိသည်ပင်။

တစ်နေ့တော့... ထင်းရှားပါးသည့်အတွက် ကိုသာကျော်တို့ လင်မယား တောအတော်နက်သည်အထိသွား၍ ထင်းခွေခဲ့ရသည်။ ထိုနေ့က ရွာကိုပြန်ရောက်တော့ မိုးချုပ်နေပြီ။ ဒညင်းဆိပ်ရွာအထိ ထင်းသွားမပို့နိုင် တော့။ ကိုသာကျော်တို့တောအတော်နက်နက်အထိ ဝင်ခဲ့ကြခြင်းဖြစ်သည်။

ထိုအခေါက်မှာပင်ဖြစ်သည်။

ကိုသာကျော်က သစ်ပင်ကြီးတစ်ပင်ကို အရင်းမှခုတ်လှဲနေတုံး မအေးကြည်က အလန့်တကြားဖြင့် သတိပေးလာသည်။

''ကိုသာကျော်၊ ကျုပ်တို့ပြန်ရမှာနဲ့၊ အဲဒီ အပင်ကို ပြီးအောင် ခုတ်မနေနဲ့တော့တော်၊ ပြန်ကြစို့''

''ဟ-ဘယ်လိုဖြစ်တာလဲ၊ ပြီးခါနီး မှ၊ နေပါဦးဟ''

''ပြန်ကြစို့ကိုသာကျော်၊ ကျုပ်စိတ်ထဲမှာ မသန့်ဘူး၊ ဒီနားမှာ ဆင်အုပ်တွေသောင်းကျန်းတယ်လို့ ကျုပ်ကြားဖူးတယ်''

''နင်ကလည်းဟာ၊ ကြံကြံဖန်ဖန်တွေးကြောက်နေပြန်ပြီ''

''တွေးကြောက်တာမဟုတ်ဘူးတော့၊ ဒီနားမှာဆင်ရှိတယ်၊ ကျုပ်တို့ ပြန်ကြစို့''

မအေးကြည်က ပြန်ဖို့ချည်း တစာစာပြောနေသည့်အခါ... ကိုသာကျော်လည်း ခုတ်လက်စသစ်ပင်ကို လက်စအတိုင်းထားပစ်ခဲ့ရသည်။

လမ်းမှာ ကိုသာကျော်က တဖျစ်ဖျစ်ပြောမဆုံးတော့။ သူ့သစ်ပင် ကြီးကို

နှမျောနေသည်။ ဒီကြားထဲ မအေးကြည် စိတ်ရောဂါက ပိုဆိုးလာ သည်။

''မြန်မြန်လျှောက်ပါတော့ကိုသာကျော်၊ ကျုပ်တို့နောက် ဆင် လိုက်လာပြီထင်တယ်''

နောက်ကိုလှည့်ကြည့်လှည့်ကြည့်နှင့်ပြောသည်။

''အေးကြည်ရယ်၊ နင်ဘယ်လိုဖြစ်နေတာလဲ၊ ဆင်ရှိရင် တောတိုးသံ ကြားရမှာပေ့ါဟ၊ နင်လုပ်တာနဲ့ ငါ့သစ်ပင်ကြီးနှမျောလိုက် တာဟယ်''

''နှမျောရင် တော့်ဟာတော် နောက်နေ့မှလာယူ၊ လျှောက်ပါ တော့၊ မြန်မြန်၊ နောက်မှာ ဆင်ပါလာတယ်ထင်တယ်''

''ဒီမိန်းမ ဒီနေ့ဘာဖြစ်နေတယ်မသိဘူး၊ တော်တော်ရှူး''

အိမ်ကိုချောချောမောမောပဲပြန်ရောက်သည်။

''ဘယ်မှာလဲ နင့်ဆင်၊ တကတည်း ကြံဖန်ပြီးတွေးကြောက်နေ တယ်''

''အိုတော်.... တော့်သစ်ပင်ကြီးပြီးအောင်ခုတ်နေလည်း တော ထဲမှာတွင် မိုးချုပ်သွားလိမ့်မယ်၊ ခုတောင်....ဒညင်းဆိပ်ကို တော်မသွား နိုင်တော့ဘူးမဟုတ်လား၊ ကျုပ်တို့ရလာတဲ့ထင်းတွေလည်း နည်းပါ ဘူးတော်''

ထိုညက ကိုသာကျော်အိပ်မက်မက်သည်။

အိပ်မက်က မအေးကြည် ညနေကပြောထားတာတွေကိုစွဲလမ်း လို့လားမသိ။ ဆင်ကိုအိပ်မက်မက်ခြင်းဖြစ်သည်။

သူနဲ့မအေးကြည် တောထဲကပြန်အလာ ဆင်တစ်ကောင် နောက်က လိုက်လာတယ်လို့ အိပ်မက်မက်ခြင်းဖြစ်သည်။ ဆင်က ဆင်မကြီးဖြစ်သည်။ ဆင်မကြီးက တောထဲမှပြန်လာသည့် သူတို့နောက်မှ တကောက်ကောက် လိုက်လာသည်။

အိမ်အဝင်ဝတွင် ဆင်မကြီးက ဒေး၍ ကျန်ရစ်ခဲ့သည်တဲ့။ အိမ်ဝင်း ထဲအထိတော့ လိုက်မလာပါ။

သူတို့လင်မယားညအိပ်နေတော့မှ အိမ်ကလေးသိမ့်ကနဲဖြစ် သွားတော့ ကိုသာကျော်က လန့်နိုးသွားသည်။ ကြည့်လိုက်တော့... သူတို့ လင်မယားခြေရင်းမှာ ညနေကပါလာသည့်ဆင်မကြီး ရပ်နေတာ တွေ့ရ သည်။

''အဖေ... အဖေ... ကျွန်မ အဖေတို့နဲ့ နေချင်လို့၊ နေမယ်နော် '

ဆင်မကြီးက လူအတိုင်းစကားပြောလေသည်။

အိပ်မက်ထဲဆိုတော့ ဆင်က လူစကားပြောတာကို ကိုသာကျော် က အံ့သြမနေပါ။

''ဟဲ့- နင်နေလို့ဘယ်ဖြစ်မှာလဲ၊ နင့်ကိုယ်လုံးကြီးနဲ့ ငါ့အိမ် ကျိုးကျမှာပေ့ါ''

''ဟင့်အင်း... ဟင့်အင်း... ကျွန်မအဖေတို့အမေတို့နဲ့နေချင် လို့ တောထဲကနေ ဒီအထိလိုက်လာတာပါ၊ နေမှာပဲ.... နေမှာပဲ''

ပြောပြောဆိုဆို ဆင်မကြီးက ကိုသာကျော်နှင့်မအေးကြည်ကြား ထဲဝင်လာကာ ဝပ်ချလိုက်သည်။

ကိုသာကျော် ''တဟဲ့ဟဲ့...''အော်ရင်းမှလန့်နိုးသွားလေသည်။

မအေးကြည်ကတော့ အိပ်မက်ထဲကအတိုင်း တခေါခေါဟောက် ၍ အိပ်နေသည်။

ကိုသာကျော်သည် သူ၏ ထူးဆန်းသောအိပ်မက်ကို မနက်ကျမှ ပင် မအေးကြည်ကိုပြန်ပြောပြလိုက်၏ ။

''နင် ဆင်လိုက်လာတယ်ပြောတာကိုစိတ်စွဲသွားလို့လား မသိပါ ဘူးဟာ၊ ညက ငါအိပ်မက်မက်တယ်''

ကိုသာကျော်ပြောပြသည့်အိပ်မက်ကို မအေးကြည်က ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

''အိပ်မက်ထဲမှာ ဆင်မကြီးက နင်နဲ့ငါနဲ့ အိပ်နေတဲ့ကြားထဲကို အတင်းကိုဝင်တိုးတော့တာပဲဟေ့''

ထိုစဉ်ကတော့... နှစ်ယောက်စလုံး အိပ်မက်ကအိပ်မက်ပဲဟု သဘောထားကာ အမှတ်မထင်ရှိခဲ့ကြသည်။ သမီးလေးမြစိမ်းကိုမွေးလာမှ အိပ်မက်သည် မမြစိမ်း ဝင်စားချင်လို့မက်တဲ့အိပ်မက်ဖြစ်မှန်း သတိထား မိတော့၏ ။

ကိုသာကျော်အိပ်မက်မက်ပြီး မကြာမီ မအေးကြည်မှာ ကိုယ်ဝန်ရှိလာခဲ့သည်။ မမြစိမ်းကို မြန်မာသက္ကရာဇ် ၁၂၉၀ပြည့်နှစ်မှာ မွေးဖွား ခဲ့ခြင်းဖြစ်ပါသည်။

မမြစိမ်းကိုမွေးလာတော့ ဆင်စရိုက် ဆင်အလေ့အထလေးတွေ တွေ့လာရသည်တွင် ကိုသာကျော့်အိပ်မက်မှာ မှန်ကန်ကြောင်း စဉ်းစားမိကြလေသည်။

ထူးခြားတာက အိပ်မက်ကို အမေကမမက်ပဲ အဖေဖြစ်သူက မက်ခဲ့ခြင်းပင်ဖြစ်ပါသည်။

မမြစိမ်းသည် ငယ်စဉ်ကတည်းက သွားလာလှုပ်ရှားမှုနှေးနှေး ကွေးကွေးနှင့် အေးအေးဆေးဆေးနေတတ်သည်။ အခါများစွာတွင်.... ကြမ်းပြင်ပေါ်၌ လေးဖက်ထောက်ကာ လက်နှစ်ဖက်နှင့်ဒူးကိုကွေး၍ ငြိမ်ငြိမ် လေး ဝပ်နေတတ်သည်။

''ကြည့်စမ်းပါဦးကိုသာကျော်၊ ကျုပ်တို့သမီးနေပုံထိုင်ပုံက ဆင်မလေးဝပ်နေတာနဲ့မတူဘူးလားတော်''

လမ်းသွားတတ်ခါစ ဆော့ကစားတော့လည်း လေးဖက်ကုန်း သွားကာ

''ဝူး... ဝူး...''နှင့်ဆင်လိုအော်တတ်သည်။

ကိုသာကျော်က ဘုန်းကြီးဆီခေါ်သွားကာ ကလေးကိုဇာတာဖွဲ့ပေးဖို့လျှောက်သည်။ ဗေဒင်တွက်ပေးဖို့လျှောက်သည်။

''ဆရာတော်ဘုရား... တပည့်တော်သမီးလေးက ထူးခြားပါ တယ် ဘုရား့၊ သူ့ကိုယ်ဝန်မရှိခင်က ဆင်မကြီးတစ်ကောင် တပည့်တော်တို့ နဲ့ လာနေမယ်လို့ အိပ်မက်ပေးတယ်ဘုရား့၊ မြစိမ်းဟာ ဆင်ဝင်စားလေး လား၊ ကြည့်ပေးပါဘုရား့''

''ဟဲ့- သာကျော်၊ သတ္တဝါတိုင်းမှာ အရင်ဘဝဆိုတာရှိတာပဲ၊ မမှတ်မိကြလို့သာဟဲ့၊ နင့်သမီးဆင်ဘဝကလာတော့ ဘာဆန်းသလဲ၊ ဒါတွေ အစွဲအလမ်းမထားစမ်းနဲ့''

ဘုန်းကြီးက ကလေး၏ ဇာတာကို တွက်ချက်ပြီးချိန်တွင်တော့..... အလေးအနက်မိန့်ကြားခဲ့ပေသည်။

''သာကျော်၊ ဒီကလေးက နင်တို့ကိုအကျိုးပေးမယ့်ကလေး၊ သာမန်ကလေးမဟုတ်ဘူး၊ သူ့အသက်ဆယ်နှစ်မပြည့်ခင် ထူးခြားမှုပြ လိမ့်မယ်''

ကိုသာကျော်တို့အဖို့တော့ သာမန်ကလေးမဟုတ်ဘူးလို့ ဟောလိုက်တာနဲ့ပင် ကြေနပ်နေရပါသည်။ သူတို့ဘဝကတော့ ဘာမှထူးခြား မလာခဲ့။ တောထဲသွား ထင်းခွေရတုန်းပင်။ တောထဲဝင်တာတောင် ကလေးကိုထိန်းမယ့်လူမရှိလို့ တောထဲထိခေါ်သွားရသည်။ ကိုသာကျော် တစ်လှည့်၊ မအေးကြည်တစ်လှည့် ပုဆိုးပိုင်းလေးနှင့်သိုင်းကာ မြစိမ်းလေးကို ကျောမှာပိုး၍ ခေါ်သွားရပါသည်။

တောထဲရောက်တော့လည်း... တော်ရာသစ်ပင်ရိပ်ကောင်း ကောင်းမှာ ကလေးကိုသိပ်ထားပြီး လင်မယားနှစ်ယောက် သစ်ခုတ်ရ သည်။ ဆင်းရဲတွင်းက နက်နေဆဲပင်။

ဘုန်းကြီးပြောလိုက်သလို ဒီကလေးက ဘယ်အချိန်မှာအကျိုးပေးလာမလဲလို့သာ စောင့်ကြည့်နေရသည်။

မမြစိမ်းလေး အသက်ခုနစ်နှစ်အရွယ်ရောက်မှပင် သူတို့ အတွက် ကံကြမ္မာအပြောင်းအလဲဖြစ်လာခဲ့လေသည်။

*

## ( ၄ )

သူတို့ဆီက ထင်းတွေဝယ်နေကျ ဒညင်းဆိပ်ရွာမှ သူကြီးလုပ်သူ က ကိုသာကျော်ကိုခေါ်ပြောသည်။

''အင်္ဂလိပ်အရေးပိုင်မင်းက ကျောက်သွေးလိုချင်တယ်လို့ပြော တယ်သာကျော်၊ မင်းတို့လင်မယားက တောထဲဝင်နေကျဆိုတော့ ကျောက်သွေးရနိုင်မလား၊ ရှာစမ်း၊ ကျောက်သွေးအစစ်ရရင် ငွေနှစ်ဆယ် အစိတ်ပေးဝယ်မတဲ့ဟ''

ငွေနှစ်ဆယ်အစိတ်ဆိုသည့်မက်လုံးက ကိုသာကျော်ကို တော်တော်ဖမ်းစားခဲ့ပေသည်။

''ကျောက်သွေးဆိုတော့ တောနက်ထဲက ရေတံခွန်နားများ ရနိုင်မလားမသိဘူး၊ တစ်ရက်တော့ စွန့်စွန့်စားစားသွားရှာကြစို့ အေးကြည်ရေ၊ ကျောက်သွေးရရင် ငါတို့ချမ်းသာပြီဟ၊ မချမ်းသာတောင် အိမ်ကောင်းကောင်းလေးတော့ဆောက်နိုင်မှာပဲ''

မအေးကြည်ကလည်း စိတ်ဝင်စားပါသည်။

''ရှာတာပေါ့တော်၊ ဒါနဲ့... ကျောက်သွေးဆိုတာ ဘယ်လိုမျိုးလဲ၊ ရှင်သိလို့လား''

ကျောက်သွေး၊ ကျောက်သွေး၊ ပြောသံသာကြားဖူးသည်။ တစ်ခါမျှလည်း မမြင်ဖူးပါ၊ မတွေ့ဖူးပါ။

''ကျောက်ကြိုကျောက်ကြားကထွက်ကျနေတဲ့ သွေးလိုအရည်နီနီ ရဲရဲလို့ပြောတာပဲဟာ၊ စေးပျစ်ပျစ်နဲ့တဲ့၊ ချိုလည်း သိပ်ချိုတာတဲ့၊ ကျောက်ကြားကထွက်ကျနေတဲ့ အနီရည်တွေ့ရင် ကျောက်သွေးပဲပေါ့''

တစ်နေ့တော့.....ကျောက်သွေးရှာရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မနက်စောစော ဝေလီဝေလင်းမှာပင် တောထဲသို့ ထွက်လာခဲ့ကြလေသည်။ သားအမိ၊ သားအဖသုံးယောက်စာ ထမင်းထုတ်ကို ပိုပိုမိုမိုထုတ်၍ ကျောက်သွေးရှိမည်ဟုမှန်းဆရသော ရေတံခွန်အထိ ထွက်ခဲ့ကြလေသည်။

ရေတံခွန်က ရိုးမတောင်ခြေမှာရှိသည်။ သွားရသည့်လမ်းက မလွယ်ကူ။ ကြမ်းတမ်းသည်။ လမ်းလည်းမှားနိုင်သည်။ လမ်းမှာ တောကောင်အန္တရာယ်လည်း ကြုံတွေ့နိုင်သည်။

မည်သို့ဆိုစေ... ငွေနှစ်ဆယ်အစိတ်ဆိုသည့် မက်လုံးကြောင့် ကျောက်သွေးကို မရအရရှာရန်ထွက်လာခဲ့လေပြီ။

အမြဲတစေ အေးအေးဆေးဆေး သွားလာလှုပ်ရှားတတ်သော မမြစိမ်းသည် ထူးခြားစွာပင်.... ထိုနေ့က တောထဲတွင် သွက်လက်စွာ သွားလာလှုပ်ရှားနေခဲ့ပေသည်။ ခုနစ်နှစ်အရွယ်ရှိပြီမို့ ချီပိုးထိန်းကျောင်း စရာ မလိုတော့။ မြစိမ်းသည် တောထဲတွင် ရေတံခွန်ရောက်သည်ထိ ရှေ့မှ ဦးဆောင်သွားခဲ့သည်။

''အဖေနဲ့အမေလမ်းမှားနေပြီ၊ ရေတံခွန်သွားတဲ့လမ်းက ဒီဖက် ကသွားရမှာ''

''ဒီဖက်ကချိုးသွားမှ ရေတံခွန်နဲ့နီးတာ''

''ရေတံခွန်နဲ့ ဆန့်ကျင်ဖက်ကိုရောက်နေပြီ၊ ဟောဒီဖက်က လာပါ''

...စသဖြင့် လမ်းညွှန် ခေါ်ဆောင်သွားခဲ့ရာ မွန်းမတည့်မီ ရေတံခွန်ကိုရောက်သွားခဲ့လေသည်။ ကိုသာကျော်နှင့်မအေးကြည်တို့က တစ်ခါမျှမရောက်ဖူးပဲ လမ်းသိနေသည့် သမီးမြစိမ်းကို အံ့သြနေကြ ရသည်။

ရေတံခွန်ရောက်တော့ ထမင်းစားချိန်တန်ပြီမို့ ပါလာသည့် ထမင်း ထုတ်ကလေးများကိုဖွင့်ကာ ရေတံခွန်ဘေးတွင် ထမင်းစားကြသည်။

တစ်လမ်းလုံး ရွှင်လန်းသွက်လက်လာသည့်မြစိမ်းသည် ရေတံခွန် အရောက်တွင် သွက်လက်ရွှင်ပျမှုမရှိတော့။ ပတ်ဝန်းကျင်ရှုခင်းကိုကြည့်ကာ မှိုင်တွေငေးငိုင်နေသည်။ မျက်ရည်တွေဝဲနေသည်။

ကိုသာကျော်တို့ကတော့ ကျောက်သွေးရှာရန် အားခဲလာသည်မို့ ထမင်းစားပြီးသည်နှင့် ရေတံခွန်အောက်တွင် ကျောက်သွေးရှာကြတော့ သည်။ သမီးလေးကို ရေတံခွန်ဘေးက သစ်ပင်ကြီးအောက်တွင် ပုဆိုးပိုင်း ကလေး ခင်းပေးခဲ့ပြီး ထိုင်စောင့်ဖို့၊ ဘယ်မှလျှောက်မသွားဖို့ မှာခဲ့ကြသည်။

*

## ( ၅ )

မမြစိမ်းသည် မိဘများထားခဲ့သည့်နေရာတွင် ထိုင်ကျန်ခဲ့ရင်းမှ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်လေသည်။

အိမ်ကထွက်လာကတည်းက မြစိမ်းသည် ဤတောတောင်

ရှုခင်းမြင်ကွင်းများကို မြင်ဖူးသိဖူးပြီးသားလိုဖြစ်နေသည်။ ဤတောတောင်ထဲတွင်သွားလာခဲ့ဖူးသယောင် ထင်နေမိသည်။

ထို့ကြောင့်လည်း မြစိမ်းက မိဘများကိုဦးဆောင်ကာ ရေတံခွန်ဆီအရောက် လမ်းပြခေါ်ဆောင်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ သူ့အဖြစ်သူ လည်း မြစိမ်းအံ့သြနေမိ၏ ။

ရေတံခွန်ဘေးတွင် ထိုင်ကျန်ခဲ့သောမြစိမ်းသည် ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရင်းမှ အချို့ကိုမှတ်မိလာပြန်လေသည်။ လက်တွေ့မြင်နေရသောမြင်ကွင်းများနှင့် အာရုံထဲဝယ် အိပ်မက်လိုလို စိတ်ကူးလိုလို တစ်သက်လုံးမြင်ယောင်လာခဲ့သောမြင်ကွင်းများက ထပ်တူညီလျှက်ရှိ သောကြောင့်ဖြစ်ပါသည်။

မြစိမ်းက သူမရှေ့တွင် တဝေါဝေါစီးကျနေသောရေတံခွန်ကြီးကိုကြည့်ကာ သူမမြင်ယောင်တတ်သောမြင်ကွင်းတစ်ခုကို သတိရလိုက် လေ၏ ။

ထိုမြတ်ကွင်းထဲတွင်......

လသာသောညချမ်းတစ်ခုတွင် ဆင်အိုမကြီး တစ်ကောင်သည်ရေတံခွန်ရှိရာသို့ ဦးတည်သွား နေလေသည်။

လသာညတွင် ဆင်မကြီးတစ်ကိုယ်တည်းထွက် လာခြင်းမှာသေဆုံးရန်အတွက် ဆင်သချႋင်းသို့သွား ရောက်နေခြင်းပင်ဖြစ်ပါသည်။ သူမတို့ဆင်များသည် ကွယ်လွန်ခါနီး အချိန်တွင် ဆင်သချႋင်းသို့ အရောက်သွားရပါသည်။ ဆင်သချႋင်းတွင် သေဆုံးရပါသည်။ တောထဲမှဆင်တိုင်းမိမိတို့အမျိုးအနွယ်များ၏ ဆင် သချႋင်းဘယ်နားတွင်ရှိသည်ကို သိကြပါသည်။

ဆင်မကြီးသည် ရေတံခွန်အောက်တွင်ရှိသော ဆင်သချႋင်းဆီသို့ဦးတည်သွားရောက်နေခြင်းဖြစ်ပါ သည်။

ဆင်မကြီးသည် အားအင်ချိနဲ့သွာဖြင့် လျှောက် လှမ်းလာခဲ့ရာ...

ရေများအားကုန်စီးကျနေသော ရေ တံခွန်အောက်ခြေသို့ရောက်လာပေပြီ။

သူမသည် နောက်ဆုံးအနေဖြင့် မျိုးတူအပေါင်း အဖော်ဆင်များ ကျန်ရစ်ခဲ့သည့် တောထဲသို့ လှမ်းမျှော် ကြည့်လိုက်သည်။ နှာမောင်းကို မြှောက်ရင်း ကြေကြေ ကွဲကွဲ အော်လိုက်လေသည်။

ထို့နောက်.... ဆင်မကြီးသည် သန်မြန်စွာထိုး ကျနေသောရေလုံးထုဘေးမှကွေ့ပတ်ကာ ရေတံခွန် အောက်ရှိ လှိုဏ်ထဲသို့ဝင်လာခဲ့လေသည်။

ထိုနေရာကို စီးကျနေသောရေထုကြီး ကွယ်နေ ၍ လူနှင့်အခြားတိရစ္ဆာန်များ မသိရှိကြပါ။

ဆင်မကြီးသည် လှိုဏ်လမ်းကြားအတိုင်း ကွေ့ ကာကောက်ကာ တိုးဝင်သွားသည့်အခါ နောက်ဆုံး၌ ကျယ်ပြောသောခန်းမကြီးထဲသို့ ရောက်ရှိသွားလေ သည်။

ခန်းမကြီးထဲတွင်တော့... ဆင်သတ္တဝါများ၏ အရိုးများ၊ ဆင်စွယ်များ တောင်ပုံရာပုံ ပြန့်ကျဲလျှက် ရှိပေသည်။

ဆင်မကြီးသည် ဆင်သချ်ုင်းခန်းမကြီးထဲတွင် စိတ်ကိုလျှော့ချကာ ကိုယ်ကိုလှဲချလိုက်လေတော့၏ ။

ထိုမြင်ကွင်းကား မြစိမ်း၏ အာရုံထဲတွင် မြင်လာနေကျ မြင်ကွင်း များထဲက တစ်ခုပင်ဖြစ်ပါသည်။ သူမမြင်ယောင်လေ့ရှိသော ဆင်မကြီး၏ ဖြစ်ရပ်များထဲတွင် နောက်ဆုံးဖြစ်ရပ်ပင်ဖြစ်ပါသည်။

မြစိမ်းသည် ရေတံခွန်ကြီးကိုစိုက်ကြည့်ရင်း ဆင်မကြီးဝင်ရောက် သွားသည့်ရေတံခွန်ဖြစ်ကြောင်း ပို၍ သေချာလာလေသည်။

ရေတံခွန်အောက်ခြေကိုသွားကြည့်ရန်ဆုံးဖြတ်လိုက်လေသည်။

မိဘများကိုကြည့်လိုက်တော့ အဖေနှင့်အမေသည် တစ်ယောက်တစ်နေရာစီခွဲကာ ကျောက်သွေးရှာနေသည့်မြင်ကွင်းကိုတွေ့နေရသည်။

မြစိမ်းက ပုဆိုးပိုင်းလေးခင်းထားသည့်နေရာမှထခဲ့ကာ ရေတံခွန်ကြီးဆီသို့ လာခဲ့လေ၏ ။

ရေတံခွန်အောက်ခြေအရောက်သွားဖို့ဆိုသည်မှာ သာမန်လူအဖို့ အတော်ပင်ခက်ခဲပါသည်။ ရေညှိများဖြင့် ချောကျိနေသော ကျောက်လုံးကျောက်တုံးများပေါ်မှဖြတ်သွားရမည်။ ရေတံခွန်အခြေရှိ ရေကိုကျော်လွန်အောင်သွားရဦးမည်မို့ မလွယ်လှပါ။

မြစိမ်းကတော့ အာရုံထဲတွင် ဆင်မကြီးသွားရာလမ်းကို မြင်ထားသိထားသည်။

သူမသည်ကျောက်ဆောင်ကမူများကိုပတ်ကာ ရေတံခွန်ကြီး၏ နောက်ကျောဖက်ဆီလျှောက်လာခဲ့သည်။ ရေတံခွန်နောက်ကျောဆီမှ ကွေ့ဝင်လိုက်လျှင် ရေလုံးထုကြီးနှင့် နောက်ဖက်ကမ္ဘားယံကြားသို့ရောက်သွားလေသည်။

စီးကျနေသောရေထုကြီးမှာ ကြီးမားရလေကား ရေလုံးထု နောက်ဖက်ကမ်းပါးယံ၌ လိုဏ်ခေါင်းကြီးတစ်ခုရှိနေသည်ကို သာမန် မျက်စိ ဖြင့် မမြင်မတွေ့နိုင်ပေ။

မြစိမ်းက ရေတံခွန်တောင်ကြောဘေးမှပတ်၍ ဝင်လိုက်သည့်အခါ ခန္ဓာကိုယ်ကိုပင် ရေမစိုပဲ ရေလုံးထုနောက်ဖက်သို့ရောက်သွားလေတော့ သည်။

ကြည့်လိုက်တော့ သူမမြင်ကွင်းထဲကအတိုင်း လိုဏ်ခေါင်းကြီး ဖြစ်နေတာကိုတွေ့ရလေသည်။ လိုဏ်ခေါင်းက အတွင်းဖက်သို့ မြေလမ်းလေးအဖြစ်တိုးဝင်သွားလေသည်။

မြစိမ်းက လိုဏ်ခေါင်းအောက်ခြေကိုငုံ့ကြည့်လိုက်သည့်အခါ မြေပေါ်တွင် အထပ်ထပ်ဖြစ်နေသောဆင်ခြေရာများကိုတွေ့လိုက်ရလေ၏ ။

မြစိမ်းသည် မြေလမ်းလေးအတိုင်း အတွင်းသို့ဝင်လာခဲ့လေသည်။ အတွင်းဖက်တွင် ကွေ့ကာဝိုက်ကာပတ်ကာဖြင့် ဝင်သွားရသော လမ်းမှာ ဆင်တစ်ကောင်အတွက်ကျဉ်းကျပ်မည်ဖြစ်သော်လည်း မြစိမ်းလို ကလေး တစ်ယောက်အတွက် လွယ်လွယ်ကူကူချောင်ချောင်ချိချိပင်ဖြစ် နေပါသည်။

လိုဏ်ခေါင်းအတွင်းလမ်းမမှာ မြစိမ်း၏ အာရုံမြင်ကွင်းထဲတွင် ဆင်မကြီးဝင်သွားသည့်အတိုင်းဖြစ်နေတာကိုတွေ့ရလေသည်။

လမ်းအဆုံးတွင်တော့ မြစိမ်းသည် ကျယ်ပြောမြင့်မားသော ခန်းမ ကျယ်ကြီးထဲသို့ခြေချလိုက်မိလေတော့သည်။

ခန်းမကြီးထဲသို့ရောက်သည်ဆိုလျှင်ပင် ခန်းမနှင့်အပြည့် ပြန့်ကျဲ နေသည့် ဆင်အရိုးများကို တောင်ပုံရာပုံတွေ့လိုက်ရလေတော့သည်။ ဆင်သချႋုင်းကြီးပါတကား။

အချို့ မကြာသေးမီကသေဆုံးထားသောဆင်များကား ကိုယ် ထည်ပင်မပျက်သေးပဲ ဆွေးမြေ့ပုတ်ရိနေကြသည်။

ဆင်ထီးကြီးများ၏ ဆင်စွယ်များကလည်း အရိုးပုံများထဲတွင် ထိုးထိုးထောင်ထောင် ထိုးထွက်နေကြလေသည်။

လုံမသည် ဆင်သချႋုင်းမြင်ကွင်းကိုကြည့်၍ မျက်ရည်များစီးကျ လာလေသည်။ ဝမ်းပန်းတနည်းရှိုက်ငိုနေမိသေးသည်။

ထို့နောက်... မျက်ရည်များသုတ်ကာ အနီးဆုံးအရိုးပုံထဲမှ ဆင်စွယ်ကြီးတစ်ချောင်းကို ကောက်ယူလိုက်လေသည်။

*

## ( ၆ )

ကိုသာကျော်နှင့်မအေးကြည်သည် ကျောက်သွေးကိုတွေ့နိုးနိုးဖြင့် လင်မယားနှစ်ယောက်ကျောက်ကြိုကျောက်ကြားမကျန် အနှံ့ရှာကြသည်။ မြစိမ်းကိုလည်း ရေတံခွန်စီးကျရာ စမ်းချောင်းနဘေးတွင် မြင်တွေ့နေရ သည်။

တော်တော်ကြာကြာရှာလို့ ကျောက်သွေးအစအနပင်မတွေ့ကြ တော့ လင်မယားနှစ်ယောက်လူခွဲ၍ ရှာကြပြန်သည်။ ရေတံခွန်စီးကျရာ ကျောက်လွှာကျောက်ချပ်များကြားတက်ကာ ရှာကြခြင်းဖြစ်၏ ။ ကျောက် သွေးဆို၍ အနီရောင်အစက်အပြောက်ကလေးပင် မတွေ့ကြပါ။

နေကျသွားချိန်တွင် လင်မယားနှစ်ယောက်ပြန်ဆုံကာ စိတ်ပျက် လက်ပျက်ဖြင့် သမီးလေးကိုထားခဲ့သည့်နေရာသို့ပြန်လာကြလေသည်။

ထိုအခါမှပင် နှစ်ယောက်သား မျက်လုံးမျက်ဆံပြူးကာ စိုးရိမ် ထိတ်လန့်သွားကြလေတော့၏ ။

သူတို့ထားခဲ့သည့်နေရာတွင် သမီးလေးမြစိမ်းမရှိတော့။ ပုဆိုး ပိုင်းကလေးကိုသာ ခင်းရက်သားတွေ့ရသည်။

''မြစိမ်းရေ... မြစိမ်း... သမီးရေ...''

ကိုသာကျော်နှင့်မအေးကြည်တို့ သမီးကိုတကြော်ကြော် ဟစ်အော် ခေါ်ရင်း ရှာကြရပြန်သည်။

တော်တော်နှင့်ရှာမတွေ့။

ရေတံခွန်ကြီးမှစီးကျနေသော ရေသံတဝေါဝေါကြားတွင် သူတို့

အောက်ခေါ်သံများက တိုးဝင်ပျောက်ကွယ်သွားကြသည်။ နှစ်ယောက်သား ချောင်းတလျှောက်လူ့ခွဲပြီး လိုက်ရှာရပြန်သည်။ တစ်ယောက်ကိုတစ် ယောက် မမြင်ရလောက်အောင်လည်း လူချင်းမခွဲရဲ၊ သူတို့ချင်းပါပြန် မတွေ့ရမှာစိုးရိမ်ရ၍ ဖြစ်သည်။

ဘယ်လိုရှာရှာ မြစိမ်းကို အစအနမျှပင်မတွေ့ရပါ။ ပြန်ထူးသံ လည်း မကြားရပါ။

မအေးကြည်ကတော့ ငိုပင်ငိုနေလေပြီ။

မြစိမ်းဘယ်အချိန်က ပျောက်သွားမှန်းလည်း သူတို့မသိ။ ယခု ရှာနေကြတာပင် နာရီဝက်ကျော်နေပါပြီ။

ထိုစဉ်မှာပင်....မြစိမ်းသည် မည်သည့်နေရာမှထွက်လာမှန်း မသိ။ လက်ထဲတွင် ကြီးမားရှည်လျားသောအရာကြီးတစ်ခုကိုကိုင်ကာ ပြန်ရောက်လာသည်။

''ကျွန်မပြန်လာပါပြီအဖေနဲ့အမေ''

မြစိမ်းပုံသဏ္ဌာန်က ပင်ပန်းနွမ်းနယ်ဟန်လည်းမရှိ။ အိမ်လည်း ရာမှ ပြန်လာသလို အေးအေးဆေးဆေးပင်ရှိနေသည်။

''သမီး၊ အမလေး... မြစိမ်းရယ်၊ အမေတို့ဖြင့် စိတ်ပူလိုက် ရတာ ၊ ဘယ်သွားနေတာလဲ''

''ကျွန်မ အမေတို့အတွက် ဟောဒီဥစ္စာကိုသွားယူတာပါ၊ ရော့... အဖေ''

လုံမက သူ့လက်ထဲမှ ရှည်လျား၍ အဖျားသွယ်သွားသော အဖြူရောင်အချောင်းကြီးကို ဖခင်ဖြစ်သူအား အပ်လိုက်သည်။

''ဟာ... ဆင်စွယ်၊ ကြီးပါလား၊ ဒီဆင်စွယ်ကို သမီး ဘယ်ကတွေ့ခဲ့တာလဲ''

''ကျွန်မတွေ့လို့ယူလာခဲ့တာပါအဖေ''

''ဘယ်ကတွေ့တာလဲ''

''အို.... မသိဘူး၊ ကျွန်မမပြောတတ်ဘူး''

ကိုသာကျော်က ဆင်စွယ်ကြီးကိုပိုက်ရင်း ရင်တွေတုန်နေသည်။ ဆင်စွယ်က သုံးပေခန့်ရှည်လျားကာ ဖြူဖွေးပြီး ပြောင်လက်ချောမွေ့ နေသည်။

''ဒီတောထဲမှာ အဖေတို့ရှာတဲ့ ကျောက်သွေးဆိုတာ မရှိဘူး အဖေ၊ ရှာမနေပါနဲ့တော့၊ ဒါကိုယူပြီး ကျွန်မတို့ပြန်ကြရအောင်''

''သမီးတွေ့ခဲ့တဲ့နေရာမှာ နောက်ထပ်ဒါမျိုးတွေရှိသေးလား''

မြစိမ်းက ကိုသာကျော်ကိုစူးစူးရဲရဲကြည့်လိုက်သည်။

''ကျွန်မတို့ပြန်ကြရအောင်ပါအဖေ''

ပြန်စကားကိုပဲပြောနေသည်။

''ဟုတ်ပါတယ်ကိုသာကျော်ရယ်၊ ကလေးက မပြောချင်တာတွေ မေးမနေပါနဲ့တော့''

မြစိမ်းက ဘာမျှမပြောတော့ပဲ ရှေ့ကထွက်သွားသည်။ မိခင်နှင့် ဖခင်မှာ မြစိမ်းနောက်ကလိုက်ခဲ့ရလေသည်။

''သမီး... အဖေတို့လာတာ ဒီလမ်းမဟုတ်ဘူးလေ၊ လမ်းလွဲ နေပြီ''

''ကျွန်မနောက်ကလိုက်ခဲ့ပါ၊ ရွာကိုမြန်မြန်ရောက်တဲ့လမ်းကို ကျွန်မသိတယ်''

ကိုသာကျော်နှင့်မအေးကြည်သည် တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပါယ်ပါသောမျက်လုံးများဖြင့် မကြာခဏကြည့်ကာ မြစိမ်းနောက်မှ တိတ်ဆိတ်စွာပဲလိုက်ပါလာခဲ့လေသည်။

မြစိမ်းစကားမှာ မှန်လှလေ၏ ။ အလာတုံးကအချိန်၏ ထက်ဝက်လောက်နှင့်ပင် ရွာအနီးကိုပြန်ရောက်လာသည်။

ဒီလမ်းဒီခရီးတွေကို အသက်၇နှစ်အရွယ်မြစိမ်းသည် အကြိမ်ကြိမ်အခါခါသွားလာဖူးသည့်သဖွယ် ကျွမ်းကျင်နေပါကလား။ တောထဲမှမထွက်မီ တောစပ်အရောက်တွင် မြစိမ်းသည် အတန်ကြာရပ်ရင်း တောထဲသို့စိုက်ကြည့်နေပေ၏ ။ သက်ပြင်းကိုလည်း လေးတွဲ့စွာချသည်။ မျက်ရည်များလည်းကျလာသည်။ ပြီးတော့မှ... ချာကနဲလှည့်ကာ ရွာဖက်ဆီသို့ခြေဦးတည်ခဲ့လေသည်။ ကိုသာကျော်တို့လင်မယားမှာ တွေ့ကြုံရသမျှအတွက် အံ့သြမင် တက်ရင်း သမီးနောက်မှလိုက်ပါခဲ့ကြရလေ၏ ။

*